**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး**
**ဆိုးလ်မြို့**

စာအမှတ်၊ စသမ - ကိုရီးယား - အခြား (၃/၂၀၁၅)
ရက်စွဲ ၊ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ (၁၆) ရက်

သို့

ပြည်ထောင်စုဝန်ကြီး
အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
နေပြည်တော်

အကြောင်းအရာ။ **မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့် TopEye Corporation အား စေလွှတ်ပြီးစီးမှု အစီရင်ခံစာ**

ရည်ညွှန်းချက်။ နိုင်ငံတော်သမ္မတရုံး၏ (၁၂-၃-၂၀၁၃) ရက်စွဲပါ စာအမှတ်၊ ၁၀၀ (၅) / ၇ သမ္မတရုံး။

၁။ ရည်ညွှန်းချက်ပါစာဖြင့် ညွှန်ကြားချက်အရ စီးပွားရေးသံမှူးက ကိုရီးယားကုမ္ပဏီများအား မြန်မာနိုင်ငံတွင် သွားရောက်ရင်းနှီးမြှုပ်နှံရန် ဆွဲဆောင်စည်းရုံးမှုအား အခါအားလျော်စွာ **အခြားတင်ပြသည့်သတင်းများ** အဖြစ် ပူးတွဲပါ TopEye Corporation အားစေလွှတ်ပြီးစီးမှု အစီရင်ခံစာအား တင်ပြအပ်ပါသည်။

-ဤစာမျက်နှာအပါအဝင် စုစုပေါင်း (၃) ရွက်။

(သန့်ဇင်၊ စီးပွားရေးသံမှူး)

မိတ္တူကို-

- ဒုတိယသမ္မတ (၁) ဦးစီးရုံး၊
- ဒုတိယသမ္မတ (၂) ဦးစီးရုံး၊
- ပြည်ထောင်စုဝန်ကြီးရုံး၊ သမ္မတရုံးဝန်ကြီးဌာန (၃)
- ပြည်ထောင်စုဝန်ကြီးရုံး၊ သမ္မတရုံးဝန်ကြီးဌာန (၅)
- ဥက္ကဋ္ဌ၊ စီမံကိန်းနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆပ်ကော်မတီ၊
- ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊
- ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန၊
- ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း များနှင့်စီးပွားရေးဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊

} တင်ပြချက်တစ်စုံစီနှင့်အတူပေးပို့ပါသည်

- ရုံးလက်ခံ။

**မြန်မာသံရုံး၊ ဆိုးလ်မြို့**

**<u>စီးပွားရေးသံမှူးက (အခါအားလျော်စွာ) အခြားတင်ပြသည့်သတင်းများ</u>**

**ToyEye Corporation အား စေလွှတ်ပြီးစီးမှု အစီရင်ခံစာ**

## ကုမ္ပဏီ၏ အချက်အလက်များ

၁။ ၁၉၇၅ ခုနှစ် ဇွန်လကတည်းက ဆိုးလ်မြို့၊ ဂန်နန်းရပ်ကွက်တွင် စတင်ထူထောင်ထားခဲ့သည့် Topeye Corporation သည် အလူမီနီယံ၊ ကြေးနီ၊ မဂ္ဂနီစီယမ် သတ္တုများနှင့် ပတ်သက်ဆက်စပ်သည့်လုပ်ငန်းများအားလုံးကို ဆောင်ရွက်နေသော ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ အဓိကအားဖြင့် extrusion press, Billet & Slab casting machine, PFC Harmonica tube coiler, Automatic metal recovering machine, Vacuum furnace, Ferrous Scrap magnetic lifter, Chipless pipe cutting machine စသည်တို့ကို ထုတ်လုပ်နေပါသည်။ ဂျပန်နိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ အီတလီ၊ စပိန် စသည့်နိုင်ငံများမှ လုပ်ငန်းတူကုမ္ပဏီများနှင့် ပူးပေါင်း၍လည်း ဖော်ပြပါ စက်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်နေသည့် Korea SMEs စာရင်းဝင် ကုမ္ပဏီတစ်ခုဖြစ်ပါသည်။

## တွေ့ဆုံဆွေးနွေးသည့်အကြောင်းအရာ

၂။ တင်ပြပါ TopEye Corporation သည် မြန်မာနိုင်ငံတွင် ယင်းနှင့်လုပ်ငန်းတူ မြန်မာကုမ္ပဏီတစ်ခုနှင့် ဖက်စပ်၍လုပ်ငန်းစက်ရုံတစ်ခု တည်ထောင်လိုသဖြင့် မြန်မာသံရုံးရှိ စီးပွားရေးသံမှူးက (၆-၁-၁၅) ရက်နေ့ ၁၄း၀၀ နာရီချိန်တွင် မြန်မာသံရုံး၊ ဧည့်ခန်းမတွင် လက်ခံတွေ့ဆုံခဲ့ပါသည်။ TopEye Corporation သည် ကြေးနီ၊ အလူမီနီယံ၊ စတီးလ်များဖြင့် စက်မှုလုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်နေသည့် ကုမ္ပဏီဖြစ်သည့်အားလျော်စွာ မြန်မာနိုင်ငံရှိ အိမ်တွင်းစက်မှုလုပ်ငန်းကဏ္ဍနှင့် အသေးစား/အလတ်စား စက်မှုလုပ်ငန်းများ၏ အခန်းကဏ္ဍအခြေအနေကို ဦးစွာရှင်းလင်းပြောကြားပေးခဲ့ပါသည်။


၃။ ထို့နောက် မြန်မာနိုင်ငံ၏နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအခြေအနေကို ပြောကြားပေးပြီး၊ ဈေးကွက်သုတေသနဆောင်ရွက်ရန် မြန်မာနိုင်ငံသို့ သွားရောက်သင့်ကြောင်း အကြံပြုခဲ့ပါသည်။ စီးပွားရေးသံမှူး၏အကြံပြုချက်အရ လာရောက်တွေ့ဆုံသည့် TopEye Corporation ၏ CEO & President ဖြစ်သူ Mr. Richard YJ Jung က မြန်မာနိုင်ငံသို့ သွားရောက်၍ ဈေးကွက်သုတေသနဆောင်ရွက်မည်ဖြစ်ကြောင်း ကတိကပြုပြောကြားခဲ့ပါသည်။

## ဆွေးနွေးချက်အပေါ် အရေးယူဆောင်ရွက်ပေးမှု

၄။ TopEye Corporation သည် မြန်မာနိုင်ငံသို့ ဈေးကွက်သုတေသန ပြုလုပ်ရန်သွားရောက်မည်ဖြစ်သဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းတင်နှင့် ရန်ကုန်ရုံးတွင် (၁၂-၁-၁၅) ရက်နေ့ ၁၃း၀၀ ချိန်တွေ့ဆုံဆွေးနွေးစေရန် ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ပါသည်။ ၄င်းအပြင် TopEye Corporation ၏လုပ်ငန်းတူ အခြားမြန်မာကုမ္ပဏီ

များနှင့်လည်း တွေ့ဆုံဆွေးနွေးနိုင်ရန် ယင်းတို့၏ဆက်သွယ်နိုင်မည့်လိပ်စာ၊ ဖုန်းနံပါတ်များ၊ ကုမ္ပဏီတည်ရှိရာလိပ်စာများ ပေးအပ်ခဲ့ပါသည်။

၅။ TopEye Corporation သည် ရန်ကုန်တွင် တွေ့ဆုံသင့်သည့် အစိုးရအရာထမ်း၊ ပုဂ္ဂလိက ကုမ္ပဏီများနှင့် တွေ့ဆုံပြီးစီး၍ ဆိုးလ်မြို့သို့ပြန်လည်ရောက်ရှိပါက လိုအပ်သည်များကို ဆက်လက်ဆောင်ရွက်ပေးနိုင်ရန်အတွက် လုပ်ငန်းတိုးတက်မှုအခြေအနေကို ပြန်လည်တင်ပြပေးပါရန်ကိုလည်း ပန်ကြားခဲ့ပါကြောင်း သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။



(သန့်ဇင်၊ စီးပွားရေးသံမှူး)